စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၁၁/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဧပြီလ(၂၅) ရက်


| ၂၅ - ၄ - ၂၀၂၄ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၅၂.၉ |
| စင်္ကာပူဒေါ်လာ | ၁,၅၄၄.၉ |
| စတာလင်ပေါင် | ၂,၆၂၉.၅ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၄၉.၁ |
| တရုတ်ယွမ် | ၂၈၉.၇၇ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၂၀ |
| အိန္ဒိယရူပီး | ၂၅.၁၉၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၇၆ |
| မလေးရှားရင်းဂစ် | ၄၃၉.၃၃ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၃၄၅ |
| ထိုင်းဘတ် | ၅၆.၇၂၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၇၇၅ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံသိုလှောင်ထားရှိမှုနှင့် ကုန်လက်ကျန်အခြေအနေကို အပတ်စဉ် ထုတ်ဖော်တင်ပြအတည်ပြုသွားရန် ညွှန်ကြားချက်ထုတ်ပြန်

➢ အိန္ဒိယနိုင်ငံတွင် သုံးနှစ်နီးပါးအချိန်အတွင်း သဘာဝရော်ဘာဈေးနှုန်းများ စတင်မြင့်တက်လာ

➢ အိန္ဒိယနိုင်ငံတွင် စပါးနှင့် ပဲမျိုးစုံစိုက်ဧရိယာများတိုးတက်ပြီး နွေရာသီသီးနှံ စိုက်ပျိုးမှု ၈ ရာခိုင်နှုန်း တိုးတက်

➢ အိန္ဒိယအစိုးရသည် ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ပဲမျိုးစုံဝယ်ယူတင်သွင်းသည့်အခါ လွယ်ကူစွာပေးချေမှုပြုနိုင်ရန် ရူပီး/ကျပ် တိုက်ရိုက်ပေးချေမှု စနစ်အားဆောင်ရွက်

➢ အိန္ဒိယသည် ပဲစင်းငုံအား လွတ်လပ်စွာ တင်သွင်းခွင့်ပြုထားသော်လည်း ဈေးနှုန်းမှာ ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်

➢ အိန္ဒိယအစိုးရက ပဲမျိုးစုံအား အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့် အကန့်အသတ်မရှိဝယ်ယူပေးမည်ဟု ကမ်းလှမ်း၍ ပြည်နယ် ၃ ခုအား ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန် တွန်းအားပေး

➢ အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှုသည် ၂၀၂၃-၂၄ တွင် နှစ်ဆနီးပါးတိုးလာကာ ယခု နှစ်တွင် ပိုမိုမြင့်တက်လာနိုင်

➢ ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံသည် ဗီယက်နမ်မှ ရေထွက် ကုန်ပစ္စည်း တင်သွင်းမှုအများဆုံးနိုင်ငံများအနက်မှတစ်ခုဖြစ်

- ဗီယက်နမ်သည် ထိုင်းနိုင်ငံကို ကျော်တက်ပြီး တရုတ်နိုင်ငံသို့ ဒူးရင်းသီး အများဆုံး တင်သွင်းရောင်းချသူဖြစ်လာ
- သီရိလင်္ကာ နာနတ်သီးများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့် ရရှိခဲ့
- တရုတ်နိုင်ငံသည် အပူပိုင်းဒေသထွက် သစ်သီးကုန်သွယ်မှုအတွက် ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်း၌ ရင်းနှီးမြှုပ်နှံ
- ဗီယက်နမ်မှ အုန်းသီးနှင့် အေးခဲထားသော ဒူးရင်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရလုနီးပြီဖြစ်

## ▪ အထွေထွေသတင်းများ

- အိန္ဒိယနိုင်ငံတွင် အစိုးရသစ်၏ ရက် ၁၀၀ အစီအစဉ်အတွက် အဓိက ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ သောကြာနေ့တွင် တွေ့ဆုံမည်

## အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံသိုလှောင်ထားရှိမှုနှင့် ကုန်လက်ကျန်အခြေအနေကို အပတ်စဉ် ထုတ်ဖော်တင်ပြအတည်ပြုသွားရန် ညွှန်ကြားချက်ထုတ်ပြန်

အိန္ဒိယနိုင်ငံရှိ ကုန်စည်ဒိုင်၊ လက်လီလက်ကားဆိုင်ကြီးများနှင့် သွင်းကုန်လုပ်ငန်းရှင်များ အနေဖြင့် ၎င်းတို့၏ ပဲမျိုးစုံသိုလှောင်ထားရှိမှုနှင့် ကုန်လက်ကျန်အခြေအနေကို အပတ်စဉ် ထုတ်ဖော်တင်ပြ အတည်ပြုသွားရန် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဦးစီးဌာနက ပြည်နယ်အားလုံးနှင့် ပြည်ထောင်စုနယ်မြေအားလုံးအား ယခုလ (၁၀) ရက်နေ့က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဓိက ကုန်တင်ကုန်ချဆိပ်ကမ်းများနှင့် ပဲမျိုးစုံအရောင်းအဝယ်ဗဟိုဌာနများရှိ ကုန်လှောင်ရုံများရှိ ကုန်စည်လက်ကျန်အခြေအနေကို အချိန်နှင့်တစ်ပြေးညီ အစိုးရ၏ တရားဝင်လွှင့်တင်ထားသော အွန်လိုင်းပေါ်တယ်မှတစ်ဆင့် တင်ပြရန်နှင့် ယင်းသို့ တင်ပြရာတွင် မမှန်မကန်ဖော်ပြထားကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူသွားမည်ဟု အဆိုပါ တရားဝင်ညွှန်ကြားစာ၌ ဖော်ပြထားကြောင်း သိရသည်။

ပဲမျိုးစုံသိုလှောင်ထားရှိမှုနှင့် ဈေးနှုန်းများ ပြောင်းလဲမှုအခြေအနေနှင့် မလိုလားအပ်သော ဈေးကွက်အခြေအနေများ မဖြစ်ပေါ်စေရန် မပြတ်စောင့်ကြည့် ထိန်းချုပ်သွားကြဖို့ အိန္ဒိယနိုင်ငံစားသုံးသူရေးရာဦးစီးဌာန၊ အတွင်းဝန် Nidhi Khare က ပြည်နယ်နှင့် ခရိုင်အဆင့် အတွင်းဝန်များနှင့် ဌာနတာဝန်ခံများအား ညွှန်ကြားထားကြောင်း သိရသည်။

အဓိကပဲ(၅) မျိုးဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲနီလေးတို့အပြင် ပြည်ပမှ တင်သွင်းထားသော စားတော်ပဲ (Yellow peas) ၏ ကုန်စည်လက်ကျန်အခြေအနေနှင့် သိုလှောင်ထားရှိမှုပမာဏကိုလည်း စောင့်ကြည့်ထိန်းချုပ်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

ထို့အပြင် အတွင်းဝန် Khare သည် ပဲမျိုးစုံတင်သွင်းမှုနှင့် ကုန်လက်ကျန်အခြေအနေ ထုတ်ဖော်တင်ပြမှုနှင့် စပ်လျဉ်းသော ကိစ္စရပ်များအား ဆွေးနွေးရန် ပဲမျိုးစုံသွင်းကုန် လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် အခြားပဲလုပ်ငန်းကိုယ်စားလှယ်များနှင့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း သိရသည်။

စားတော်ပဲ (Yellow peas) အပါအဝင် ပဲမျိုးစုံ လက်ဝယ်သိုလှောင်မှုနှင့် ပဲလက်ကျန် အခြေအနေကို အပတ်စဉ်ပုံမှန် တင်ပြသွားရန် သွင်းကုန်လုပ်ငန်းရှင်များနှင့် ပဲလုပ်ငန်းကဏ္ဍမှ လုပ်ငန်းရှင်များအား တောင်းဆိုထားကြောင်း သိရသည်။ ယင်းသို့တင်ပြရာတွင် စားသုံးသူရေးရာဌာန၏ အွန်လိုင်းပေါ်တယ်တစ်ခုဖြစ်သော https://fcainfoweb.nic.in/psp/ မှတစ်ဆင့်တင်ပြနိုင်ပြီး၊ စားတော်

ပဲ (Yellow peas) နှင့် လက်လီအရောင်းဆိုင်လုပ်ငန်းကြီးများလည်းကို ထည့် သွင်းသွားမည်ဖြစ်ကာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့မှစ၍ ယင်းသို့လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ပဲမျိုးစုံဝယ်ယူရရှိနိုင်ရေးအတွက် စားတော်ပဲ (Yellow Peas) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှစ၍ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ပြည်ပမှတင်သွင်းခွင့်ပြုထားကြောင်း သိရသည်။ Khare က အဆိုပါ ပြည်ပမှတင်သွင်းထားသော ပဲများကို ဈေးကွက်အတွင်းသို့ စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးသွားရန်နှင့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးများကိုလည်း အဆင်ပြေချောမွေ့စွာ ပုံမှန်ဖြန့်ဖြူးရောင်းချပေးခြင်းရှိ/မရှိ အဆိုပါ ပဲများကို တင်သွင်းသူများအား စောင့်ကြည့်လေ့လာသွားရန် သက်ဆိုင်ရာကို ဖိအားပေးထားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကာလအတွင်း ပြည်တွင်း၌ ပဲမျိုးစုံဝယ်ယူရရှိရေး၊ ပဲဈေးနှုန်း တည်ငြိမ်ရေးနှင့် ဈေးကစားမှုများမဖြစ်ပေါ်စေရန် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စနစ်တကျထိန်းကျောင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

**ရည်ညွှန်း**။ The Hindu Businessline, Centre tells States to enforce weekly stock disclosure of pulses,

## အိန္ဒိယနိုင်ငံတွင် သုံးနှစ်နီးပါးအချိန်အတွင်း သဘာဝရော်ဘာဈေးနှုန်းများ စတင်မြင့်တက်လာ

အိန္ဒိယနိုင်ငံတွင် သုံးနှစ်နီးပါးအချိန်အတွင်း သဘာဝရော်ဘာဈေးနှုန်းများ စတင်မြင့်တက်လျက်ရှိပြီး၊ မှိုင်းခံရော်ဘာ အဆင့်-၄ (RSS IV) အရည်အသွေးအဆင့်ရှိ သဘာဝရော်ဘာ ၁ ကီလိုဂရမ်လျှင် ရူပီး ၁၈၂ ရှိကြောင်း သိရသည်။ ယင်းသို့ ရော်ဘာဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ ရော်ဘာအဓိက ထုတ်လုပ်သော နိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ဆောင်းရာသီသို့ဝင်ရောက်လာသောကြောင့်ဟု Hindu Businessline သတင်းဌာနက မတ်လ ၂၈ ရက်နေ့က ဖော်ပြသည်။

၂၀၂၁ ခုနှစ်က ကုန်ကြမ်းရှားပါးမှုနှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် သဘာဝရော်ဘာဈေးနှုန်းမှာ ရူပီး ၁၉၁ အထိ စံချိန်တင်မြင့်တက်သွားခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်ဈေးကွက်တွင် ယခုနှစ် မတ်လ ၁၈ ရက်နေ့က မှိုင်းခံ

ရော်ဘာ အဆင့်-၃ (RSS 3) ၏ စျေးနှုန်း ရူပီး ၂၃၁ အထိမြင့်တက်ခဲ့ပြီး နောက်ပိုင်းတွင် ရူပီး ၂၁၁ သို့ ပြန်လည် ကျဆင်းသွားခဲ့သည်။

အိန္ဒိယနိုင်ငံရှိ မော်တော်ကားတာယာထုတ်လုပ်ရေး ကုမ္ပဏီများသည် အပြည်ပြည်ဆိုင်ရာ စျေးနှုန်းများမြင့်တက်လာသည့်အတွက် သဘာဝရော်ဘာကို ပြည်တွင်းစျေးကွက်မှ ပြောင်းလဲဝယ်ယူလျက်ရှိကြောင်း၊ လတ်တလောတွင် လုပ်ငန်းများရပ်နားထားသည့်အချိန် (off-season) နှင့်တိုက်ဆိုင်နေပြီး၊ ရောင်းလိုအားလည်း ခိုင်မာနေသည့်အတွက် ပြည်တွင်းရော်ဘာစျေးနှုန်းများ တည်ငြိမ်ရန် မျှော်လင့်ထားသည်ဟု အိန္ဒိယရော်ဘာရောင်းချသူများအသင်းချုပ် (Indian Rubber Dealers Federation) ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ပြည်တွင်း ရာဘာထုတ်လုပ်မှုအနေဖြင့် လက်ရှိတွင် အပူချိန်မြင့်မားမှုကြောင့် လျော့ကျလျက်ရှိပြီး ယခုဘဏ္ဍာနှစ်ကုန်တွင် ၈၅၀၀၀၀ တန်သို့ ရောက်ရှိရန်မျှော်မှန်းထားကြောင်းနှင့် စျေးကွက်အတွင်းရော်ဘာရရှိနိုင်မှု ဆက်လက်လျော့ကျလာဖွယ်ရှိပြီး၊ ယင်းအချက်ကြောင့် ဧပြီလအတွင်း စျေးနှုန်းများပြန်လည် မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

သို့သော် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာစျေးကွက်၌ ကုန်ကြမ်းပစ္စည်းရှားပါးလာမှု ကြောင့် လတ်တလောတွင် စျေးနှုန်းကျဆင်းမှုသည် ရေရှည်တောင့်ခံထားနိုင်ဖွယ်မရှိကြောင်းနှင့် RSS အဆင့် သဘာဝရော်ဘာများ ပြည်ပသို့တင်ပို့ခြင်းကို အမှတ်တံဆိပ်မြှင့်တင်ပေးမည့် အိန္ဒိယရော်ဘာဘုတ်အဖွဲ့ (Rubber Board) ၏ မက်လုံးပေးအစီအစဉ်ကြောင့်လည်း ကာလတိုအတွင်း စျေးနှုန်းများမြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်မားမှု၊ ကုန်ကြမ်းရှားပါးမှုစသည့် အကြောင်းရင်းများကြောင့် သဘာဝရော်ဘာစျေးနှုန်းများမြင့်တက်လာသည့်အခြေအနေကို သိရှိပြီး၊ မြန်မာ့ရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူများအနေဖြင့် အိန္ဒိယနိုင်ငံစျေးကွက်သို့ ပိုမိုတိုးမြှင့်တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Natural rubber prices head north after 3 years on global cues,

…………………………………………………………………………………………………

## အိန္ဒိယနိုင်ငံတွင် စပါးနှင့် ပဲမျိုးစုံစိုက်ဧရိယာများတိုးတက်ပြီး နွေရာသီ သီးနှံစိုက်ပျိုးမှု ၈ ရာခိုင်နှုန်း တိုးတက်

အိန္ဒိယနိုင်ငံတွင် ယခုလ ၁၉ ရက်နေ့အထိ နွေသီးနှံများစိုက်ပျိုးထားရှိမှု ဟက်တာ ၆၄ ဒသမ ၄၇ သိန်းရှိပြီး ယခင်နှစ်ကာလတူက စုစုပေါင်း ဟက်တာ ၅၉ ဒသမ ၅၉ သိန်းသာ ရှိခဲ့သည့်အတွက် ၈ ရာခိုင်နှုန်းပိုမိုတိုးတက်လာခဲ့ကြောင်း The Hindu businessline သတင်းဌာနမှ ယခုလ ၁၉ ရက် နေ့တွင် ဖော်ပြသည်။ ရာဘီ (ဆောင်း) ရာသီ သီးနှံများ ရိတ်သိမ်းအပြီးနှင့် ခါရစ် (မိုး) ရာသီ မတိုင်မီကာလဖြစ်သော အဆိုပါ နွေသီးနှံရာသီ (zaid) (မတ်လ မှ ဇူလိုင်လ အထိကာလ) အတွင်း အဆိုပါ သီးနှံများကို ပိုမိုတိုးတက်စိုက်ပျိုးလာပြီး (zaid) သီးနှံစုစုပေါင်း ဟက်တာ ၆၆ သိန်းခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ယခုနှစ် ဧပြီလ ၁၉ ရက်နေ့အထိ နွေစပါးစိုက်ပျိုးမှု ဟက်တာ ၂၉ ဒသမ ၈၀ သိန်းရှိပြီး၊ ယခင်နှစ်ကာလတူက ဟက်တာ ၂၇ ဒသမ ၄၁ သိန်းသာရှိခဲ့သည့်အတွက် ၉ ရာခိုင်နှုန်းပိုမိုးတိုးတက်လာကာ မတ်ပဲနှင့် ပဲတီစိမ်းကို ပိုမိုစိုက်ပျိုးလာကြသည့်အတွက် နွေပဲမျိုးစုံ စိုက်ပျိုးမှုဧရိယာ ဟက်တာ ၁၁ ဒသမ ၉၆ သိန်းမှ ၁၃ ဒသမ ၁၂ သိန်းသို့ တိုးမြင့်လာခဲ့သည်။ ပဲတီးစိမ်းစိုက်ဧရိယာမှာ ယခင်နှစ်က ဟက်တာ ၉ ဒသမ ၄၂ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၁၀ ဒသမ ၃၆ သိန်းသို့လည်းကောင်း၊ မတ်ပဲစိုက်ဧရိယာမှာ ဟက်တာ ၂ ဒသမ ၅၄ သိန်းမှ ၂ ဒသမ ၇၆ သိန်းသို့လည်းကောင်း အသီးသီး တိုးတက်လာခဲ့ကြောင်း သိရသည်။ အဆိုပါ ပဲမျိုးစုံကို Madhya Pradesh၊ Bihar၊ Odisha၊ Tamil Nadu၊ Uttar Pradesh နှင့် Gujarat ပြည်နယ်တို့၌ အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

ဆီထွက်သီးနှံ စိုက်ပျိုးဧရိယာမှာ ဟက်တာ ၉ ဒသမ ၁၈ သိန်းမှ ၉ ဒသမ ၆၅ သိန်းသို့ ၅ ရာခိုင်နှုန်း မြင့်တက်လာကာ မြေပဲစိုက်ဧရိယာ ဟက်တာ ၄ ဒသမ ၅၈ သိန်းနှင့် နှမ်းစိုက်ဧရိယာ ဟက်တာ ၄ ဒသမ ၇၄ သိန်းရှိကြောင်း သိရသည်။ အဆိုပါ မြေပဲနှင့်နှမ်းစိုက်ဧရိယာ နှစ်ရပ်စလုံး ယခင်နှစ် ကာလတူကထက် မြင့်တက်ခဲ့ပြီး၊ နေကြာစိုက်ဧရိယာမှာ ယခင်နှစ်က ၂၉၀၀၀ ဟက်တာ ရှိခဲ့ရာမှ ယခုနှစ်တွင် ၃၃၀၀၀ ဟက်တာသို့ တိုးမြင့်လာကြောင်း သိရသည်။

ယခုနှစ်တွင် လူး/ဆပ် (jowar/bajra) နှင့် ပြောင်းတို့ကို ပိုမိုတိုးတက်စိုက်ပျိုးခဲ့သည့်အတွက် နွေရာသီစိုက် အာဟာရနှံစားသီးနှံနှင့် ပြောင်းစိုက်ဧရိယာမှာ ယခင် ဟက်တာ ၁၀ ဒသမ ၃၅ သိန်းမှ ၁၁ ဒသမ ၃၁ သိန်းသို့တိုးတက်လာခဲ့ပြီး၊ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ Jowar စိုက်ပျိုးဧရိယာသည် ယခင်နှစ်က ၁၆၀၀၀ ဟက်တာရှိခဲ့ရာမှ ၃၇၀၀၀ ဟက်တာသို့ တိုးတက်ခဲ့ပြီး၊ bajra စိုက်ပျိုးဧရိယာသည် ယခင် ဟက်တာ ၄ ဒသမ ၃၆ သိန်းမှ ယခု ၄ ဒသမ ၆၁ သိန်းသို့ ၆ ရာခိုင်နှုန်း

တိုးမြင့်လာခဲ့ကြောင်း သိရသည်။ ပြောင်းစိုက်ဧရိယာမှာ ယခင်က ဟက်တာ ၅ ဒသမ ၈၂ သိန်း မှ ၆ ဒသမ ၃၃ သိန်းသို့ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် မုတ်သုန်ရာသီအကြို မိုးရွာသွန်းမှု ၁၈ ရာခိုင်နှုန်းလျော့နည်းကာ ဧပြီလ ၁၉ နေ့အထိ မိုးရေချိန် ၄၂ ဒသမ မီလီမီတာသာရှိပြီး၊ ပုံမှန်ရှိရမည့် မိုးရေချိန် ၅၂ မီလီမီတာထက် လျော့နည်းခဲ့ကြောင်း သိရသည်။ နိုင်ငံ့အနောက်မြောက်ပိုင်းဒေသများတွင် မိုးရေချိန် ၁၁ ရာခိုင်နှုန်း လျော့နည်းပြီး၊ ဗဟိုအလယ်ပိုင်းဒေသများတွင် ပျမ်းမျှမိုးရေချိန်ထက် ၈၉ ရာခိုင်နှုန်းပိုမိုရရှိခဲ့ကြောင်း သိရသည်။ တောင်ပိုင်းကျွန်းစွယ်ဖက်တွင် ၇၂ ရာခိုင်နှုန်းလျော့နည်းကာ အရှေ့ဖက်နှင့် အရှေ့မြောက်ပိုင်းဒေသများတွင် သာမန်မိုးရေချိန်အောက် ၃၂ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဥ်လျှင် ယခုလ ၁၉ ရက်နေ့အထိ နွေသီးနှံများစိုက်ပျိုးထားရှိမှု ၈ ရာခိုင်နှုန်းပိုမိုတိုးတက်လာခဲ့ကြောင်း၊ အထူးသဖြင့် ဆန်နှင့် ပဲမျိုးစုံ စိုက်ပျိုးဧရိယာများ တိုးတက်လာခဲ့ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း**။ The Hindu Businessline, Area under summer crops up 8% on higher paddy, pulses coverage,

.................................................................................................

## အိန္ဒိယအစိုးရသည် ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ပဲမျိုးစုံဝယ်ယူတင်သွင်းသည့်အခါ လွယ်ကူစွာပေးချေမှုပြုနိုင်ရန် ရူပီး/ကျပ် တိုက်ရိုက်ပေးချေမှုစနစ်အားဆောင်ရွက်

အိန္ဒိယအစိုးရသည် ၎င်း၏ ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ပဲမျိုးစုံဝယ်ယူ တင်သွင်းသည့်အခါ လွယ်ကူစွာပေးချေမှုပြုနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းတို့သည် ရူပီး/ကျပ် တိုက်ရိုက်ပေးချေမှုစနစ်ခေါ် အထူးပေးချေမှုစနစ်ကို ပန်ဂျပ်နေရှင်နယ်ဘဏ် (Punjab National Bank) မှ တစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါစနစ်ကို အထူးရူပီးဗိုစတိုစာရင်း (Special Rupee Vostro Account–SRVA) ဟု ခေါ်ကြောင်း The Economic Times သတင်းဌာနမှ ယခုလ ၁၃ ရက်နေ့က ဖော်ပြသည်။

အိန္ဒိယစားသုံးသူရေးရာ အတွင်းဝန် Nidhi Khare သည် မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေကြေး လဲလှယ်နှုန်း အပြောင်းအလဲများဖြစ်ပေါ်နေပြီး ကုန်သည်များက ကုန်များကို လက်ဝယ်ထိန်းသိမ်းကာ ရောင်းချနေသည့်အတွက် သွင်းကုန်ပဲဈေးနှုန်းများ တည်ငြိမ်မှုမရှိသည့်ကိစ္စနှင့် စပ်လျဥ်း၍ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငွေပေးချေမှုစနစ်နှင့်စပ်လျဉ်း၍ အိန္ဒိယအစိုးရက ယခုလ ၁၃ ရက်နေ့က တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံကို ပြည်တွင်း၌ လိုအပ်ချက်ပြည့်မီအောင် မထုတ်လုပ်နိုင်သည့်အတွက် ပဲစင်းငုံနှင့် မတ်ပဲကဲ့သို့ ပဲများကို မြန်မာနိုင်ငံမှတင်သွင်း လျက်ရှိသည်။ အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနက ကုန်သည်များအနေဖြင့် ကုန်သွယ်မှုကို ပိုမိုလွယ်ကူမြန်ဆန်အောင် အဆိုပါ ပေးချေမှုစနစ်သစ်အား အသုံးပြုရန်လိုအပ်ကြောင်း ပြောကြား ခဲ့သည်။

အဆိုပါ ပေးချေမှုစနစ်အသစ်ကို ယခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှစတင် မိတ်ဆက်ခဲ့ ကြောင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၎င်းနှင့်စပ်လျဉ်းသော လမ်းညွှန်ချက်များကိုလည်း ဇန်န ဝါရီလ ၂၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှ အိန္ဒိယ အစိုးရထံ ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းသို့ ပေးချေမှုစနစ်ကို အသုံးပြုခြင်းအားဖြင့် ကုန်သည်များအနေဖြင့် ငွေကြေးများကို အကြိမ်ကြိမ်ပြောင်းလဲရန်မလိုအပ်သည့်အတွက် ကုန်သွယ်မှုကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့အပြင် အိန္ဒိယအစိုးရက ကုန်သည်လုပ်ငန်းရှင်များကို ပဲမျိုးစုံကုန်လက်ကျန်နှင့် ပတ် သက်၍ အစိုးရဝက်ဘ်ဆိုက်တွင် အပတ်စဉ်ထုတ်ဖော်ကြေညာသွားရန်လည်း တိုက်တွန်းပြောကြား ထားသည်။ အကယ်၍ မည်သူမဆို အဆိုပါကိစ္စနှင့်ပတ်သက်၍ မဟုတ်မမှန်ဖော်ပြခြင်း၊ ထိန်ချန်ဖုံး ကွယ်ထားခြင်းမျိုးရှိကြောင်း စစ်ဆေးပေါ်ပေါက်ပါက ထိရောက်စွာအရေးယူသွားမည်ဟု အစိုးရက သတိပေးထားသည်။ ထို့အပြင် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအသီးသီးရှိ တာဝန်ရှိသူများကို လည်း အဆိုပါကိစ္စရပ်အပေါ် တင်းတင်းကြပ်ကြပ်ကိုင်တွယ်ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ ပဲမျိုးစုံဖူလုံရေးအတွက် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ သြစတေးလျ၊ အာဖရိကနိုင်ငံတစ်ချို့နှင့် မြန်မာနိုင်ငံတို့မှ ပဲမျိုးစုံကို ဝယ်ယူတင်သွင်းလျက်ရှိပါ သည်။ ၎င်းနှင့်ပတ်သက်၍ အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနက အစဉ်အမြဲစောင့်ကြည့်ထိန်း ကျောင်းလျက်ရှိကာ ပဲမျိုးစုံကုန်လက်ကျန်အခြေအနေအား အစိုးရထံ အပတ်စဉ် သတင်းပေးပို့ရန် သက်ဆိုင်သူများအားလုံးကို ညွှန်ကြားချက်ထုတ်ပြန်ထားပါသည်။ ယခုအခါ အဆိုပါကိစ္စနှင့်စပ် လျဉ်း၍ စားသုံးသူရေးရာဝန်ကြီးဌာန အတွင်းဝန်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၊ တာဝန် ရှိသူများနှင့် ဆွေးနွေးခဲ့ပြီးနောက် အိန္ဒိယကုန်သည်များအနေဖြင့် အထူး ရူပီးဗိုစတိုစာရင်း (Special Rupee Vostro Account–SRVA) အသုံးပြု၍ ရူပီး/ကျပ် တိုက်ရိုက် ပေးချေမှုစနစ်ဖြင့် ပေးချေမှုများ ပြုလုပ်ရန် ဧပြီလ ၁၃ ရက်နေ့က အသိပေးထုတ်ပြန်ခဲ့ပါသည်။

Agribusiness&Trade

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့်လည်း မြန်မာနိုင်ငံမှ စီဘီဘဏ်နှင့် ယူအေဘီဘဏ်၊ အိန္ဒိယနိုင်ငံမှ ပန်ဂျပ်နေရှင်နယ်ဘဏ်တို့နှင့် ချိတ်ဆက်၍ ယင်းသို့ ရူပီး/ကျပ်တိုက်ရိုက်ပေးချေမှု ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။ သို့သော် နှစ်နိုင်ငံကုန်သည်များ အနေဖြင့် အဆိုပါစနစ်ကို အမှန်တကယ်အသုံးပြုခြင်းရှိမရှိနှင့် ယနေ့အထိ ငွေပေးချေလက်ခံမှု (Transaction) မည်မျှကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီဆိုသည်ကို စောင့်ကြည့်ကာ အခက်အခဲ များရှိပါက နှစ်ဖက် ဗဟိုဘဏ်များအကြား ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သင့်ပါ ကြောင်း လေ့လာသုံးသပ်၍ အကြံပြုတင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

**ရည်ညွှန်း။** The Economic Times, Payment mechanism for traders importing pulses from Myanmar simplified: Govt,

## အိန္ဒိယသည် ပဲစင်းငုံအား လွတ်လပ်စွာ တင်သွင်းခွင့်ပြုထားသော်လည်း ဈေးနှုန်းမှာ ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်

အိန္ဒိယသည် ပဲစင်းငုံအား လွတ်လပ်စွာတင်သွင်းခွင့်ပြုထားသော်လည်း ပြီးခဲ့သည့် တစ်လ အတွင်း ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းကျော် တက်လာခဲ့ကြောင်းနှင့် ပဲစင်းငုံခွဲခြမ်းထုတ်လုပ်ရန် အတွက် ပဲစင်းငုံကုန်ကြမ်းများ ဈေးကွက်အတွင်းပြတ်တောက်မှုနှင့်ရင်ဆိုင်နေရကြောင်း ပဲမျိုးစုံ ထုတ်လုပ်ရေးလုပ်ငန်းမှ ပြောကြားထားသည်။

အစိုးရက တင်သွင်းသူများသည် ဈေးကစားရန်သိုလှောင်ထားသည်ဟု သံသယရှိသော် လည်း အိန္ဒိယပဲမျိုးစုံနှင့်ကောက်ပဲသီးနှံအသင်း (IPGA) က ပဲစင်းငုံဈေးနှုန်းများ မကြာသေးမီက မြင့်တက်လာရခြင်း၏ အကြောင်းရင်းမှာ ဂူဂျာရတ်ပြည်နယ်တွင် အစိုးရ၏ ပဲစဥ်းငုံ ဝယ်ယူရေး အစီ အစဉ်များနှင့်တင်ပို့ရောင်းချသည့်နိုင်ငံများမှ ရောင်းချခြင်းမပြုဘဲ သိုလှောင်ထားခြင်းကြောင့် ဖြစ် ကြောင်း ပြောကြားထားသည်။

ပဲမျိုးစုံ အဓိကရောင်းချသည့် Latur ဈေးကွက်တွင် ပဲစင်းငုံဈေးသည် တစ်ကီလိုဂရမ်လျှင် ၁၀၂ ရူပီး နှင့် ၁၀၄ ရူပီး ကြားသာရှိရာမှ တစ်လအတွင်း ၁၁၅ ရူးပီးနှင့် ၁၁၇ ရူပီး ကြားသို့ ၁၂ ရာခိုင် နှုန်းခန့် မြင့်တက်ခဲ့ပါကြောင်း၊ လက်လီစားသုံးသူများသည် ပဲစင်းငုံတစ်ကီလိုဂရမ်အတွက် ရူပီး ၁၆၀-၂၀၀ ပေးဆောင်ကြရကြောင်း၊ ပဲစဉ်းငုံ ကုန်ကြမ်းပြတ်လပ်မှုနှင့် ပြည်ပမှတင်သွင်းသော

Agribusiness Trade

ပဲစင်းငုံဈေးနှုန်းများ ကြီးမြင့်မှုကြောင့် မကြာသေးမီက ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ပဲခွဲစက်လုပ်ငန်းရှင်များက ပြောကြားထားသည်။

အထူးသဖြင့် Maharashtra နှင့် Karnataka ပြည်နယ်တို့တွင် ယခုနှစ်တွင် ပြည်တွင်း ပဲစင်းငုံ ထုတ်လုပ်မှု လျော့နည်းခဲ့ကြောင်း၊ အိန္ဒိယသည် ပဲစင်းငုံကို လွတ်လပ်စွာ တင်သွင်းခွင့် ပြုထားသော်လည်း ယခုနှစ်တွင် ပဲစင်းငုံတင်သွင်းသည့်ဈေးနှုန်းများမှာ တင်သွင်းရာသီ အစမှစ၍ မြင့်မားနေခဲ့ကြောင်းနှင့် ဈေးကွက်အတွင်း ပဲစင်းငုံပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ပဲခွဲစက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားထားသည်။ ပဲလုပ်ငန်းဆိုင်ရာကျွမ်းကျင်သူများက ပဲစဉ်းငုံဈေးနှုန်းမှာ ဧပြီလကုန်အထိမြင့်တက်နိုင်ကြောင်းနှင့် ယင်းနောက်ပိုင်းတွင် ဈေးနှုန်းများ ပြန်ကျနိုင်ခြေရှိကြောင်း ခန့်မှန်းလျှက်ရှိကြသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ပဲစဉ်းငုံဈေးနှုန်းများ မြင့်တက်လျက်ရှိသည့် အခြေအနေအား သိရှိနိုင်ပါရန်နှင့် ရွေးကောက်ပွဲကာလအတွင်း ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် အစိုးရမှ ဈေးကွက်ထိန်းကြောင်းနိုင်ရေး အစီအစဉ်များချမှတ်ဆောင်ရွက်လာနိုင်သဖြင့် လေ့လာစောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Tur dal prices rise more than 10% despite open import policy, The Economic Times,

Agribusiness & Trade

## အိန္ဒိယအစိုးရက ပဲမျိုးစုံအား အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့် အကန့်အသတ်မရှိ ဝယ်ယူပေးမည်ဟု ကမ်းလှမ်း၍ ပြည်နယ် ၃ ခုအား ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန် တွန်းအားပေး

အိန္ဒိယအစိုးရသည် Bihar ၊ Jharkhand နှင့် Uttar Pradesh ပြည်နယ်တို့ရှိ တောင်သူများအား ၎င်းတို့ စိုက်ပျိုးထွက်ရှိသည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း စသည့်ပဲမျိုးစုံကို အနိမ့်ဆုံးပံ့ပိုး သတ်မှတ်ဈေးနှုန်း ( Minimum Support Price – MSP) ဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းချက်ဖြင့် ယင်းပဲအမျိုးအစားများကိုဦးစားပေးစိုက်ပျိုးရန် ရာသီချိန်စိုက်ပျိုးမှုများ မစတင်မီ စနစ်တကျ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ရည်ရွယ်ချက်မှာ ပဲမျိုးစုံ စိုက်ပျိုးမှုတိုးမြှင့်ရန်နှင့် ပဲမျိုးစုံသွင်းကုန်မှီခိုမှုလျှော့ချရန်ဖြစ်ကြောင်း၊ သို့ရာတွင် ထုတ်လုပ်မှုရည်မှန်းချက်ကို အစိုးရက သတ်မှတ်ထားခြင်းမရှိဟု အမည်မဖော်လိုသူ အရာရှိကြီးတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများသက်သာချောင်ချိရေး ဝန်ကြီးဌာန၏ အချက်အလက်များ အရ ၂၀၂၂-၂၃ ခုနှစ်တွင် Uttar Pradesh ပြည်နယ်မှ ပဲမျိုးစုံတန်ချိန် ၂.၈၅ သန်းခန့် ထုတ်လုပ်ခဲ့ပြီး Jharkhand ပြည်နယ်မှ တန်ချိန် ၇.၆ သိန်း၊ Bihar ပြည်နယ်မှ တန်ချိန် ၄.၅ သိန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံဈေးနှုန်းများကိုစီမံခန့်ခွဲသည့် စားသုံးသူရေးရာဝန်ကြီးဌာနသည် National Co-operative Consumers' Federation of India Ltd. (NCCF) အား ယခုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ထားကြောင်း သိရသည်။ NCCF သည် ပဲမျိုးစုံ ဝယ်ယူခြင်းအပြင် ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရန်အတွက် အရည်အသွေးမြင့်ပဲမျိုးစေ့များကို တောင်သူများသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်းသိရသည်။

အိန္ဒိယဗဟိုအစိုးရသည် ယင်းပြည်နယ်များတွင် နီးစပ်ရာတောင်သူများကို စည်းရုံးလှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်ဟု ကြားသိရသော်လည်း ယခုနှစ်ဇွန်လတွင် အထွေထွေရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာပြီးနောက်မှသာ လယ်သမားများအား စည်းရုံးလှုံ့ဆော်မှုများကို အပြည့်အဝ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာနသည် ယခုအစီအစဉ်အား ပိုမိုထိရောက်စေရန်အတွက် ပြည်နယ်အစိုးရများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယအစိုးရမှ ပဲမျိုးစုံဈေးနှုန်းတည်ငြိမ်မှုရှိစေရန် စီမံချက်များစွာဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း လပေါင်းများစွာပဲမျိုးစုံဈေးနှုန်းများ မြင့်မားလာမှုမှာ စိုးရိမ်စရာဖြစ်လာကြောင်း၊ ဖေဖော်ဝါရီလတွင် ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုမှာ ၁၈.၉ % မှ မတ်လတွင် ၁၇.၇၁ % သို့ သိသိ သာသာ ကျဆင်းသွားသော်လည်း ပဲစင်းငုံမှာမူ ထွက်ရှိမှုနည်းပါးသောကြောင့် ၃၃.၅၄% တက်လာခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ပဈေးကွက်များနှင့်ချိတ်ဆက်ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းရှိ တောင်သူများ စိုက်ပျိုးမှု မြှင့်တင်ရန်အတွက်လည်း မက်လုံးများပေး၍ စည်းရုံးလှုံ့ဆော် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Govt nudges 3 states to produce pulses, offers MSP with no bar, The Economic Times,

## အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှုသည် ၂၀၂၃-၂၄ တွင် နှစ်ဆနီးပါးတိုးလာကာ ယခုနှစ်တွင် ပိုမိုမြင့်တက်လာနိုင်

အိန္ဒိယသည် လယ်သမားများအတွက် မက်လုံးအမျိုးမျိုး အပါအဝင် အစီအစဉ်များစွာ ချမှတ်ဆောင်ရွက်လျှက်ရှိသော်လည်း ၎င်း၏ပြည်တွင်းလိုအပ်ချက်အတွက် ပဲမျိုးစုံတင်သွင်းမှု အပေါ်မှီခိုနေရဆဲဖြစ်ပြီး ၂၀၂၃-၂၄ တွင် ပဲမျိုးစုံတင်သွင်းမှုသည် နှစ်ဆနီးပါး မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃.၇၄ ဘီလီယံအထိ ရှိခဲ့ကြောင်းသိရသည်။

အိန္ဒိယအစိုးရသည် တရားဝင်ကိန်းဂဏန်းကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ပြီးခဲ့သည့် ၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၂၄.၅ သိန်းသာ တင်သွင်းမှုရှိခဲ့သော်လည်း ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၄၅ သိန်းကျော် တင်သွင်းခဲ့ကြောင်း ခန့်မှန်းတွက်ချက်မှုများအရ သိရသည်။

ပြည်တွင်းဝယ်လိုအားနှင့် ဈေးနှုန်းကို ထိန်းညှိရန်အတွက် အစိုးရသည် ပဲမျိုးစုံတင်သွင်းမှု နှစ်ရှည်စာချုပ်များအတွက် ဘရာဇီးနှင့် အာဂျင်တီးနားကဲ့သို့ ဈေးကွက်သစ်များနှင့် ညှိနှိုင်းနေကြောင်း အစိုးရသတင်းရင်းမြစ်များအရသိရှိရပြီး ဘရာဇီးနိုင်ငံမှ မတ်ပဲ တန်ချိန် ၂၀,၀၀၀ ကျော် တင်သွင်းမည်ဖြစ်ကြောင်း၊ အာဂျင်တီးနားမှ ပဲစဉ်းငုံတင်သွင်းရန် စေ့စပ်ညှိနှိုင်းမှုမှာ နောက်ဆုံးအဆင့်နီးပါးဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယအစိုးရသည် မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ မြန်မာနိုင်ငံတို့နှင့်လည်း ပဲမျိုးစုံတင်သွင်းရန် စာချုပ်များ ချုပ်ဆိုထားသည်။

မကြာသေးမီလများအတွင်း တင်သွင်းမှုများ မြင့်တက်လာခြင်းသည် ပြည်တွင်းရောင်းလိုအားကိုမြှင့်တင်ရန်နှင့် ဈေးနှုန်းများကိုထိန်းသိမ်းရန်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယအစိုးရက ယခုနှစ် ဇွန်လအထိ စားတော်ပဲ တင်သွင်းခွင့်ကို အခွန်ကင်းလွတ်ခွင့်ပြုထားသကဲ့သို့ မတ်ပဲနှင့် ပဲစဉ်းငုံတို့ကိုလည်း ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့် ပြုထားသည်။

အိန္ဒိယအစိုးရအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စတင်နေချိန်တွင် ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုမှာ အဓိက စိုးရိမ်စရာဖြစ်နေပြီး ကိန်းဂဏန်းများအရ ပဲမျိုးစုံဈေးနှုန်း ကြီးမြင့်မှုသည် ယခုနှစ်မတ်လတွင် ၁၇ ရာခိုင်နှုန်းနှင့် ဖေဖော်ဝါရီလက ၁၉ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း သိရှိရသည်။

ပဲဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန်အတွက် အစိုးရက ဧပြီလ ၁၅ ရက် တနင်္လာနေ့တွင် ပဲမျိုးစုံသိုလှောင်ထားရှိမှုအပေါ် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ပြီး ပြည်နယ်များကို စောင့်ကြည့်ထိန်းကြောင်းဆောင်ရွက်ရန် တောင်းဆိုထားသည်။

အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းအားတိုးမြှင့်သတ်မှတ်၍ အာမခံဝယ်ယူမှု အစီအစဉ်ကဲ့သို့ အစိုးရမှ တောင်သူများအတွက် မက်လုံးအမျိုးမျိုးပေးခဲ့သော်လည်း ပြည်တွင်းပဲမျိုးစုံထုတ်လုပ်မှု

သည် လွန်ခဲ့သည့် ၂ နှစ်မှ ၃ နှစ်အတွင်း ကျဆင်းနေမှုမှာ စိုးရိမ်စရာဖြစ်နေကြောင်းနှင့် ၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၆၁ သန်း ရှိခဲ့သော်လည်း ၂၀၂၃-၂၄ တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၃၄ သိန်းသာရှိမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

၂၀၁၉-၂၀ တွင်ပြည်တွင်းပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၃၀.၂၅ သိန်းရှိခဲ့ပြီး ၂၀၂၀-၂၁ တွင် အစိုးရ၏ မက်လုံးပေးအစီအစဉ်များကြောင့် ထုတ်လုပ်မှုတန်ချိန် ၂၅၄.၆၃ သိန်းအထိ တိုးလာကာ ၂၀၂၁-၂၂ ခုနှစ်တွင် တန်ချိန် ၂၇၃.၀၂ သိန်းအထိ မြင့်တက်လာသော်လည်း ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တန်ချိန် ၂၆၀.၅၈ သိန်းသို့ ပြန်လည်ကျဆင်းခဲ့သည်။

ယခင်နှစ် မိုးရာသီတွင် ပဲမျိုးစုံထုတ်လုပ်နိုင်မှု တန်ချိန် ၇၆.၂၁ သိန်းနှင့် နှုန်းယှဉ်ပါက ယခုနှစ်တွင် တန်ချိန် ၇၁.၁၈ သိန်းသို့ ကျဆင်းမည်ဟု မျှော်မှန်းထားပြီး မတ်ပဲ ထုတ်လုပ်မှု သည်လည်း တန်ချိန် ၁၇.၆၈ သိန်းမှ တန် ၁၅.၁၅ သိန်းသို့ ကျဆင်းမည်ဟု မျှော်မှန်းထားကြောင်း၊ ပဲတီစိမ်း ထုတ်လုပ်မှုမှာလည်း တန်ချိန် ၁၇.၁၈ သိန်းမှ တန်ချိန် ၁၄.၀၅ သိန်းသို့ ကျဆင်းဖွယ် ရှိကြောင်း သိရသည်။

ပြည်တွင်း ပဲမျိုးစုံထွက်ရှိမှု ကျဆင်းခြင်းသည် အဓိကထုတ်လုပ်သော ဒေသများရှိ ရာသီဥတု အခြေအနေကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြသော်လည်း စိုးရိမ်စရာအချက်တစ်ခုမှာ နွေရာသီ ပဲမျိုးစုံစိုက်ပျိုးဧရိယာသည် ပြီးခဲ့တဲ့ ၃-၄ နှစ်အတွင်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၁-၂၂ တွင် ဟက်တာ ၃၀၇.၃၁ သိန်းရှိရာမှ ၂၀၂၃-၂၄ မှာ ဟက်တာ ၂၅၇.၈၅ သိန်းအထိ လျော့ကျသွားခဲ့ကြောင်း၊ နှစ်နှစ်အတွင်း မျိုးစေ့ချဧရိယာ ၁၆ ရာခိုင်နှုန်းနှင့် ထွက်ရှိမှု ၁၄ ရာခိုင်နှုန်းနီးပါး လျော့ကျခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားသည့် နိုင်ငံဖြစ်သော်လည်း ပြည်တွင်းစားသုံးမှုလုံလောက်ရန်အတွက် ပဲအမျိုးအစားအချို့ကို ပြည်ပတင်သွင်းမှုအား မှီခိုနေရပြီး ယခုနှစ်များတွင် စီးပွားရေးတိုးတက်လာမှုနှင့်အညီ ပဲစားသုံးမှု မြင့်တက်လာသကဲ့သို့ အခြားတစ်ဘက်တွင် ပဲစိုက်ပျိုးဧရိယာ ကျဆင်းလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် ပဲမျိုးစုံတင်သွင်းမှု ပိုမိုမြင့်မားနေမှုအခြေအနေတို့အား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India Pulses import almost doubled in 2023–24, it may raise further this year, The Economic Times,

…………………………………………………………………………………………………

Agribusiness & Trade

## ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံသည် ဗီယက်နမ်မှ ရေထွက်ကုန်ပစ္စည်း တင်သွင်းမှုအများဆုံးနိုင်ငံများအနက်မှတစ်ခုဖြစ်

တရုတ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့နှင့်အတူ ဗီယက်နမ်နိုင်ငံမှ ရေထွက်ကုန်ပစ္စည်း တင်သွင်းမှုအများဆုံး နိုင်ငံများအနက်မှ တစ်ခုဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံထုတ် ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်းကို ကိုးကား၍ ဗီယက်နမ် သတင်းအေဂျင်စီက ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုသည် (၁၅) ရာခိုင်နှုန်း တိုးလာသည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံထုတ် tra fish၊ ပုစွန်ခြေဖြူ၊ ကျောက်ပုဇွန်၊ ငါးနီတူနှင့် ကဏန်းတို့ကို အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။ ဗီယက်နမ်သည် တရုတ်နိုင်ငံသို့ ပုစွန်တင်ပို့မှုတွင် အီကွေဒေါ၊ အိန္ဒိယနှင့် အင်ဒိုနီးရှားအပါအဝင် ၎င်း၏ပြိုင်ဘက်များကို ကျော်တက်သွားခဲ့ကြောင်း၊ ဗီယက်နမ်မှ တရုတ်နိုင်ငံသို့ ပုစွန်ခြေဖြူတင်ပို့မှုသည် (၂.၅) ဆ တိုးမြင့်လာကြောင်း အဆိုပါအသင်း၏အချက်အလက်များအရ သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံသို့ ဗီယက်နမ်မှ ကျောက်ပုစွန်တင်ပို့မှု (၇)ဆ ပိုမိုများပြားခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ် ပထမသုံးလအတွင်း ဗီယက်နမ်ရေထွက်ကုန်များ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ (၁.၉) ဘီလီယံနီးပါးရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၂) ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် ရေထွက်ပစ္စည်း တင်ပို့မှုမှ ဝင်ငွေဒေါ်လာ (၉.၅ မှ ၁၀) ဘီလီယံအထိ ရရှိရန် ရည်မှန်းထားကြောင်းလည်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://english.news.cn/20240415/8c690251d13c422fb46202ef0f035fc5/c.html

……………………………………………………………………………………………

## ဗီယက်နမ်သည် ထိုင်းနိုင်ငံကို ကျော်တက်ပြီး တရုတ်နိုင်ငံသို့ ဒူးရင်းသီးအများဆုံး တင်သွင်းရောင်းချသူဖြစ်လာ

၂၀၂၄ ခုနှစ် ပထမနှစ်လတွင် ဗီယက်နမ်သည် ယခင်ရာသီလက်ကျန် ဒူးရင်းသီးများကြောင့် တရုတ်နိုင်ငံသို့ ဒူးရင်းသီးအများဆုံး တင်သွင်းရောင်းချသူအဖြစ် ထိုင်းနိုင်ငံကို ကျော်တက်သွားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် တရုတ်ဈေးကွက်သို့ ဒူးရင်းသီးဝင်ရောက်ခွင့်ရရှိပြီးကတည်းက ဗီယက်နမ်သည် တရုတ်နိုင်ငံသို့ ဒူးရင်းသီး အဓိက တင်သွင်းသူအဖြစ် ရပ်တည်နေခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း စုစုပေါင်းဒူးရင်းသီးတန်ချိန် (၅၃,၁၁၀) တင်သွင်းခဲ့ပြီး ယမန်နှစ် အလားတူကာလထက် (၀.၄)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ယင်းတို့အနက် (၃၂,၇၅၀)တန်၊ (၆၁.၇%)သည် ဗီယက်နမ်မှ ဖြစ်ပြီး ကျန်(၁၉,၆၁၄) တန်၊ (၃၆.၉%) နှင့် (၇၄၅)တန်၊ (၁.၄%) တို့သည် ထိုင်းနှင့် ဖိလစ်ပိုင်တို့မှ ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကာလအတွင်း ဗီယက်နမ်မှ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုသည် ၂၀၂၃ ခုနှစ်ထက် (၂.၄)ဆ ပိုမိုများပြားခဲ့ပြီး ထိုင်းနိုင်ငံ၏ တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် ထက်ဝက်ကျဆင်းခဲ့ကြောင်း၊ ဈေးနှုန်းအရ ဗီယက်နမ်ဒူးရင်းသီးသည် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ(၄,၉၁၆) ရှိပြီး ထိုင်းဒူးရင်းသီးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၆,၁၃၃) ခန့်ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှု တိုးလာရခြင်းမှာ တစ်နှစ်ပတ်လုံး သစ်သီးရရှိနိုင်မှုနှင့် ဗီယက်နမ်နိုင်ငံ၏ ပထဝီဝင်အနေအထားအရ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေခြင်း တို့ကြောင့်ဖြစ်ပြီး ထိုအချက်(၂)ချက်စလုံးသည် ထောက်ပံ့ပို့ဆောင်ရေးကို လွယ်ကူချောမွေ့စေပြီး ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စေကြောင်း ဗီယက်နမ်နိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်းမှ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ဈေးကွက်မှ ဝယ်လိုအား များပြားခြင်းကြောင့် ဗီယက်နမ်ဒူးရင်းသီးဈေးသည် မတ်လတွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ရာသီမရွေးစိုက်ပျိုးသည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဈေးနှုန်းများသည် နှစ်စကတည်းက မြင့်တက်ခဲ့ပြီး မတ်လတွင် လစဉ်ပျမ်းမျှထက်(၁၅)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ Grade A Monthong ဒူးရင်းသီးများကို တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် (၂၁၈,၀၀၀) မှ (၂၃၀,၀၀၀)ဖြင့် ရောင်းချခဲ့ပြီး အဆင့် B နှင့် C ဒူးရင်းသီးများကို တစ်ကီလိုလျှင် ဒေါင် (၁၉၅,၀၀၀)မှ (၂၀၀,၀၀၀) (အမေရိကန်ဒေါ်လာ ၇.၈၂-၈.၀၂)နှင့် ကီလိုဂရမ်လျှင် ဒေါင် (၁၀၀,၀၀၀)

အမေရိကန်ဒေါ်လာ(၄.၀၁)ဖြင့် ရောင်းချခဲ့ကြောင်း၊ အခြားတစ်ဖက်တွင်မူ Ri6 အမျိုးအစား ဒူးရင်းသီးများသည် ရောင်းလိုအား များပြားသဖြင့် ဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ အေးခဲဒူးရင်းသီးတင်ပို့မှုအခြေပြစာချုပ်ကို လက်မှတ်ရေးထိုးရန်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အပင်ကာကွယ်ရေးဌာနသည် တရုတ်နိုင်ငံ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် စိုက်ပျိုးဧရိယာများနှင့် ပြုပြင်ထုတ်လုပ်သည့် စက်ရုံများကို စစ်ဆေးရန် တောင်းဆိုခဲ့ကြောင်း၊ အေးခဲထားသော ဒူးရင်းများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုပါက ၎င်း၏ ပို့ကုန်တန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် (၃၀)ရာခိုင်နှုန်း တိုးလာနိုင်ကြောင်းနှင့် ယခုနှစ်တွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ (၃.၅)ဘီလီယံအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်ဟု Nguyen က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

သစ်သီးအရည်အသွေးနှင့်စပ်လျဉ်း၍ ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှုအချို့တွင် cadmium စစ်ဆေးတွေ့ရှိသဖြင့် တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က မကြာသေးမီက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ ဗီယက်နမ်တွင် ၎င်းဖြစ်ရပ်၏ အရင်းအမြစ်ကို စုံစမ်းရန်အတွက် ယခုအခါ ပြည်တွင်း၌စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရှိရပါသည်။ အပင်ကာကွယ်ရေးဌာန၏အဆိုအရ ဖြစ်နိုင်ခြေရှိသည်မှာ အနီးနားရှိ စက်ရုံများမှ ရေဆိုးများ၊ မြေဆီလွှာသို့မဟုတ် ဓာတ်ငွေ့ထုတ်လွှတ်မှုများအပြင် အသီးအနှံများကို ဆေးကြောရာတွင် အသုံးပြုသည့် ရေများလည်း ပါဝင်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေချိန်တွင် စိုက်ပျိုးသူများအား ၎င်းတို့၏ သွင်းအားစုများနှင့် စိုက်ပျိုးရေးအလေ့အကျင့်များအပေါ် တင်းကြပ်သောထိန်းချုပ်မှုများကို အကောင်အထည်ဖော်ရန်နှင့် နောက်ထပ်ပြဿနာများကို ရှောင်ရှားနိုင်ရန် ပို့ဆောင်ခြင်းမပြုမီ cadmium အဆင့်ကို သေချာစွာစမ်းသပ်ရန် တာဝန်ရှိသူများက တိုက်တွန်းထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://www.producereport.com/article/vietnam-overtakes-thailand-chinas-top-durian-supplier](https://www.producereport.com/article/vietnam-overtakes-thailand-chinas-top-durian-supplier)

…………………………………………………………………………………………………

## သီရိလင်္ကာ နာနတ်သီးများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့် ရရှိခဲ့

သီရိလင်္ကာနိုင်ငံမှ လတ်ဆတ်သော နာနတ်သီးများ တင်သွင်းခြင်းအတွက် အပင်ပိုးမွှား ကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင် အဖွဲ့က ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ တွင် ထုတ်ပြန်ခဲ့ကြောင်း၊ နာနတ်သီးသည် ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုချက်ရခဲ့သော ငှက်ပျောသီးပြီးနောက်တွင် သီရိလင်္ကာနိုင်ငံမှ တင်သွင်းခွင့်ရသည့် ဒုတိယ မြောက်သစ်သီးအမျိုးအစားဖြစ်ကြောင်း သိရှိရပါသည်။

သီရိလင်္ကာတွင် စားသုံးမှုအများဆုံး နာနတ်သီးအမျိုးအစားမှာ Mauritius ("ဘုရင်မ") နာနတ်သီးဖြစ်ကြောင်း၊ ဤအသီးသည် ၎င်း၏ ပုံသဏ္ဍာန်၊ အရွက်များနှင့် ရွှေဝါရောင်အသားများ ကြောင့် လူသိများပြီး ၎င်း၏ မွှေးကြိုင်သောရနံ့နှင့် ချိုမြသောအရသာသည် လတ်လတ်ဆတ်ဆတ် စားသုံးရန် အကောင်းဆုံးဖြစ်ကြောင်း သိရှိရပါသည်။

သီရိလင်္ကာတွင် စားသုံးနိုင်သောသစ်သီးဝလံအမျိုးပေါင်း (၁၀၀)ကျော်ရှိသော်လည်း ပြည်တွင်း စိုက်ပျိုးရေးကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေကြောင်း၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများပြား ပြီး သိသိသာသာ အထွက်နှုန်းနည်းပါးသည့်အပြင် နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြောင်း သိရှိရပါသည်။ သီရိလင်္ကာမှ ငှက်ပျောသီးကို တရုတ်နိုင်ငံသို့ လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုနီးပါးကပင် တင်ပို့ရန် ခွင့်ပြုထားသော်လည်း အမှန်တကယ် တင်ပို့ရောင်းချမှုမှာ မရှိသလောက်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ မေလတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ South-South Cooperation program အရ ဘတ်ဂျက်အမေရိကန်ဒေါ်လာ (၁.၅)သန်းဖြင့် သီရိလင်္ကာတွင် စီမံ ချက်အသစ်တစ်ခုကို စတင်ခဲ့ကြောင်း၊ အဆိုပါပဏာမခြေလှမ်းသည် သီရိလင်္ကာသစ်သီးဝလံကဏ္ဍ ၏ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို မြှင့်တင်ရန်၊ သစ်သီးအရည်အသွေးမြှင့်တင်ရန်နှင့် သစ်သီးကဏ္ဍ ၏ ဈေးကွက်တန်ဖိုးကို တိုးမြှင့်ရန် ရည်ရွယ်ကြောင်း၊ နှစ်နှစ်ခွဲကာလအတွင်း အဆိုပါစီမံကိန်းကို သီရိလင်္ကာရှိ ဒေသ(၅)ခုတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အရေးကြီးသော ဒေသထွက် သစ်သီးဝလံ (၃)မျိုးဖြစ်သည့် ငှက်ပျောသီး၊ သရက်သီးနှင့် နာနတ်သီးများ ထုတ်လုပ်မှု၊ အထွက်နှုန်း နှင့် စီးပွားဖြစ်ရောင်းချမှု မြှင့်တင်ရေးတို့ကို အာရုံစိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါ သည်။

Phytosanitary Protocol အရ တရုတ်နိုင်ငံသို့ လတ်လတ်ဆတ်ဆတ် နာနတ်သီးများ တင်ပို့ရန် ရည်ရွယ်ထားသည့် စိုက်ပျိုးရေးခြံများသည် သီရိလင်္ကာအစိုးရ၏ကြီးကြပ်မှုအောက်တွင် ပြီးပြည့်စုံသော အရည်အသွေး စီမံခန့်ခွဲမှုနှင့် ခြေရာခံနိုင်မှုစနစ်တစ်ခု ထူထောင်ရန် လိုအပ်သည့်

အပြင် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းပညာများကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ အသီးများနှင့် အရွက်များကို အင်းဆက်များ၊ ပိုးမွှားများ၊ ခရုများ၊ အပုပ်များ၊ မြက်မျိုးစေ့များ၊ အပင်အကြွင်းအကျန်များနှင့် မြေဆီလွှာကဲ့သို့ ဖြစ်နိုင်ခြေရှိသော အညစ်အကြေးများ ကင်းစင်စေရန် ထုပ်ပိုးမှုလုပ်ငန်းစဉ်အတွင်း လက်ဖြင့်စီခြင်း၊ စစ်ဆေးခြင်း၊ ပွတ်တိုက်ခြင်း (သို့မဟုတ်) ရေဆေးသန့်စင်ခြင်း ကဲ့သို့သော နည်းလမ်းများကို အသုံးပြုရမည်ဖြစ်ကြောင်း သိရှိရပါသည်။

GACC ၏ ကြေညာချက်တွင် စိုးရိမ်ရသော အပင်ပိုးမွှားများအဖြစ် cotton thrips (Frankliniella schultzei), papaya mealybug (Paracoccus marginatus), obscure mealybug (Pseudococcus viburni), brown soft scale (Coccus hesperidum), cockspur grass (Echinochloa crus-galli), East African couchgrass (Digitaria abyssinica), tomato spotted wilt orthotospovirus and Dickeya dadantii တို့ပါဝင်ကြောင်း သိရှိရပါသည်။

နာနတ်သီးကုန်သွယ်မှုစတင်ပြီးနောက် ပထမ(၂)နှစ်အတွင်းတွင် သီရိလင်္ကာအာဏာပိုင်များသည် တင်ပို့မှုတစ်ခုစီ၏ (၂)ရာခိုင်နှုန်းထက်မနည်းသော နမူနာများကို ရယူရန်လိုအပ်ကြောင်း၊ ဤနှစ်နှစ်အတွင်း အပင်ပိုးမွှားဆိုင်ရာပြဿနာများ မပေါ်ပေါက်ပါက နမူနာအချိုးကို (၁)ရာခိုင်နှုန်းသို့ လျှော့ချနိုင်ကြောင်း၊ သို့သော်လည်း စိုးရိမ်စရာ သီးသန့်ပိုးမွှားများ တွေ့ရှိပါက တရုတ်နိုင်ငံသို့ တင်ပို့ နိုင်မည်မဟုတ်ကြောင်း၊ ထို့အပြင် အခြေအနေပေါ်မူတည်၍ သက်ဆိုင်ရာဥယျာဉ်ခြံနှင့် ထုပ်ပိုးသည့် စက်ရုံများကို ကျန်ရာသီတွင် တရုတ်နိုင်ငံသို့ နာနတ်သီးတင်ပို့မှုမှ ရပ်ဆိုင်းထားနိုင်ကြောင်း၊ သီရိလင်္ကာအာဏာပိုင်များသည် အရင်းခံအကြောင်းတရားများကို ဖော်ထုတ်ရန်နှင့် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အပြင် မှတ်တမ်းများကို ထိန်းသိမ်းကာ ၎င်းတို့ကို တရုတ် အာဏာပိုင်များထံ ပေးအပ်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: [https://www.producereport.com/article/sri-lankan-pineapples-granted-china-market-access](https://www.producereport.com/article/sri-lankan-pineapples-granted-china-market-access)

…………………………………………………………………………………………………...

Agribusiness & Trade

## တရုတ်နိုင်ငံသည် အပူပိုင်းဒေသထွက် သစ်သီးကုန်သွယ်မှုအတွက် ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်း၌ ရင်းနှီးမြှုပ်နှံ

ချင်းကျိုးဆိပ်ကမ်းသည် တရုတ်နိုင်ငံ တောင်ပိုင်းတွင် အာရှအပူပိုင်းဒေသထွက် သစ်သီးများ ကုန်သွယ်မှုအတွက် အချက်အချာဖြစ်လာပြီး အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် အခြားသော နိုင်ငံများရှိ အဓိကသစ်သီးထုတ်လုပ်သူများနှင့် ချိတ်ဆက်ထားကြောင်း ဖော်ပြထားပါသည်။

Belt and Road Initiative ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တရုတ်အစိုးရသည် ချင်းကျိုး ဆိပ်ကမ်းတွင် အပူပိုင်းဒေသထွက်သစ်သီးဝလံများအတွက် အအေးခန်းသိုလှောင်ရုံများနှင့် ပြုပြင် ထုတ်လုပ်မှုများကို ထပ်မံရင်းနှီးမြှုပ်နှံထားသည်ဟု နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့ကြောင်း သိရှိရပါ သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုများသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို အရည်အသွေး မြင့် နိုင်ငံတကာကုန်းမြေပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတ ကာ ကုန်သွယ်မှုအတွက် ဈေးကွက်ပိုမိုပွင့်လင်းလာစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရထားလမ်း၊ ကားလမ်းနှင့် ပင်လယ်ရေကြောင်းလမ်းကြောင်းတို့မှ တစ်ဆင့် ဝင်ရောက်မှုလွယ်ကူစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကွမ်ရှီးဒေသသည် နိုင်ငံတကာနှင့် ပြည်တွင်းဈေးကွက်များသို့ ပိုမိုလက်လှမ်းမီစေရန်အ တွက် ၎င်းအနေဖြင့် နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်မှုစည်းမျဉ်းများနှင့် ပိုမိုလိုက်လျောညီထွေ ဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စားသုံးမှု၊ အရင်းအနှီးစီးဆင်းမှု၊ ပြည်သူအချင်းချင်း ဖလှယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့ကို လွယ်ကူချောမွေ့စေရန် ကြိုးစားဆောင်ရွက်သင့်သည်ဟု တရုတ် နိုင်ငံကွန်မြူနစ်ပါတီ၏ ကွမ်ရှီးဒေသဆိုင်ရာ ကော်မတီအတွင်းရေးမှူး Liu Ning က ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

သစ်သီးဖြန့်ဖြူးရောင်းချသူများသည် ချင်းကျိုးဆိပ်ကမ်းမှတစ်ဆင့် အနီးအနားရှိပြည်နယ် များအပြင် ဟောင်ကောင်၊ မကာအိုနှင့် ယန်ဇီမြစ်ဝှမ်းဒေသတို့သို့ လမ်းကြောင်းမျိုးစုံဖြင့် ပို့ဆောင် နိုင်သည်ဟု တရုတ်သတင်းများအရ သိရှိရပါသည်။

ချင်းကျိုးဆိပ်ကမ်း၌ အပူပိုင်းဒေသထွက်သစ်သီးဝလံအများစုဖြစ်သည့် လောင်ဂန်သီး၊ အုန်း သီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်သွင်းမှုသည် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် သိသိ သာသာ တိုးလာသည်ဟု တရားဝင်အကောက်ခွန်စာရင်းဇယားများအရ သိရှိရပြီး သွင်းကုန်စုစုပေါင်း မက်ထ ရစ်တန် (၃၃၀၀)ကျော်၊ တန်ဖိုးအားဖြင့် ယွမ် (၂၅.၄၃)သန်း (သို့မဟုတ်) အမေရိကန်ဒေါ်လာ (၃.၅၁)

Agribusiness & Trade

သန်းခန့်ရှိရာ ဇန်နဝါရီလအတွက် (၁၇၈.၄)ရာခိုင်နှုန်းနှင့် ဖေဖော်ဝါရီလအတွက် (၂၉၂.၅) ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်-ဗီယက်နမ်နယ်စပ်ရှိ ယိုယိဂိတ်တွင် သစ်သီးကုန်သွယ်မှုသည် (၂၆၂.၃)% တိုးတက်ခဲ့ပြီး တန်ဖိုးယွမ်(၂၃.၉၉)ဘီလီယံရှိခဲ့ကြောင်း၊ ဗီယက်နမ်သည် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံနှင့် သစ်သီးဝလံကုန်သွယ်မှုတွင် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဗီယက်နမ်သစ်သီးများအတွက် အကြီးမားဆုံးတင်သွင်းသည့်ဈေးကွက်ဖြစ်ကြောင်းနှင့် ဗီယက်နမ်နိုင်ငံသည် လက်ရှိတွင် နဂါး မောက်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ လိုင်ချီးသီး၊ လောင်ဂန်သီး၊ ကြက်မောက်သီး၊ ပိန္နဲသီး၊ သရက်သီး၊ မင်းဂွတ်သီး၊ ဒူးရင်းသီးနှင့် ပင်မှည့်သီးတို့ကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ရရှိထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: [https://www.freshfruitportal.com/news/2024/04/15/china-invests-in-tropical-fruit-trade-with-port-improvements/](https://www.freshfruitportal.com/news/2024/04/15/china-invests-in-tropical-fruit-trade-with-port-improvements/)

## ဗီယက်နမ်မှ အုန်းသီးနှင့် အေးခဲထားသော ဒူးရင်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရလုနီးပြီဖြစ်

Việt Nam News ၏ အစီရင်ခံစာအရ လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ တရုတ်နိုင်ငံသို့ တင်ပို့ရန် အရည်အချင်းပြည့်မီ၍ တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ကုဒ်နံပါတ် များ ထုတ်ပေးထားသည့် ဒူးရင်းစိုက်ပျိုးရေးခြံနှင့် ထုပ်ပိုးမှုလုပ်ငန်းများ (၈၇၆)ခုရှိပြီး ဗီယက်နမ်အနေဖြင့် တရုတ်နိုင်ငံနှင့် ဒူးရင်းသီးကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပိုမိုကောင်းမွန်သော အခြေအနေများ ဖန်တီးပေးထားကြောင်း သိရှိရပါသည်။

ဗီယက်နမ်ဒူးရင်းသီးများသည် တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ချိန်တိုတောင်းသည့်အပြင် အထွက်နှုန်းမြင့်မားပြီး တစ်နှစ်ပတ်လုံးရရှိနိုင်ကြောင်း၊ ဗီယက်နမ်မှ လတ်ဆတ်သော ဒူးရင်းသီးများကို ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်ခွင့်ကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ခွင့်ပြုပေးခဲ့ပြီး ပထမအကြိမ် တင်ပို့မှုကို စက်တင်ဘာလတွင် စတင်နိုင်ခဲ့ကြောင်း၊ ထိုအချိန်ကတည်းက ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှု မြင့်တက်လာပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၂၈၈)သန်းမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၂.၁)ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း၊ ယင်းအနက် တရုတ်နိုင်ငံသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ(၂.၀၃)ဘီလီယံအထိ မြင့်တက် လာခဲ့ကြောင်း၊ ဒူးရင်းသီးကုန်သွယ်မှုသည် ဗီယက်နမ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ကဏ္ဍ တစ်ခုလုံးအပေါ် သိသိသာသာ အကျိုးသက်ရောက်မှုရှိခဲ့ပြီး စုစုပေါင်းပို့ကုန်တန်ဖိုးသည်

Agribusiness & Trade

၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၅.၆)ဘီလီယံအထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ်(၆၆.၇) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

၂၀၂၄ ခုနှစ် ပထမနှစ်လတွင် ဗီယက်နမ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုသည် (၇၀)ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၉၇၀) သန်းသို့ ရောက်ရှိခဲ့ကြောင်း၊ အဓိက တင်ပို့သည့် ကုန်ပစ္စည်းများမှာ ဒူးရင်းသီး၊ အုန်းသီး၊ နဂါးမောက်သီး၊ ဂရိတ်ဖရုသီး၊ ငှက်ပျောသီး၊ သံပုရာသီး၊ စပျစ်သီးနှင့် သရက်သီးများပါဝင်ပြီး ဒူးရင်းသီးသည် တန်ဖိုးအရ အဓိက ပို့ကုန်အဖြစ် ရပ်တည်နေကြောင်း သိရှိရပါသည်။

လက်ရှိတွင် ဗီယက်နမ်အုန်းသီးနှင့် အေးခဲဒူးရင်းများကို တရုတ်ဈေးကွက်သို့ဝင်ရောက်ရန် ညှိနှိုင်းမှုမှာ ပြီးစီးလုနီးပါးဖြစ်ကြောင်း၊ အဆိုပါပစ္စည်းနှစ်ခုပါဝင်ပါက ဗီယက်နမ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၆.၅)ဘီလီယံအထိ မြင့်တက်လာမည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အပင်ကာကွယ်ရေးဌာန၏ အဆိုအရ နိုင်ငံ၏ တောင်ပိုင်းပြည်နယ်များတွင် ဒူးရင်းသီးစိုက်ဧရိယာသည် ၂၀၂၄ ခုနှစ် အစပိုင်းတွင် (၆၂,၁၇၃)ဟက်တာအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်အစနှင့် နှိုင်းယှဉ်ပါက ဟက်တာ (၁၅,၀၀၀)တိုးလာကြောင်း သိရှိရပါသည်။ ထို့အပြင် တောင်ဘက်ရိုကမ်းရိုးတန်းဒေသနှင့် အလယ်ပိုင်းကုန်းမြင့်ဒေသရှိ ပြည်နယ်များတွင် ယခုအခါ ဒူးရင်းစိုက်ဧရိယာ (၅၇,၁၀၁)ဟက်တာရှိပြီး တစ်နှစ်ထက်တစ်နှစ် ဟက်တာ (၁၉,၂၀၀)ကျော် တိုးလာခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်ဈေးကွက်ရှိ ဒူးရင်းသီးလိုအပ်ချက်သည် အမေရိကန်ဒေါ်လာ (၂၀) ဘီလီယံအထိ မြင့်တက်လာမည်ဟု ခန့်မှန်းရပြီး ကမ္ဘာ့ဈေးကွက်ဝယ်လိုအားမှာ အမေရိကန်ဒေါ်လာ (၂၈.၆)ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှည်တည်တံ့စွာ စိုက်ပျိုးနိုင်လျှင် ဗီယက်နမ်ဒူးရင်းကဏ္ဍအတွက် သိသာထင်ရှားသော အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီးဈေးကွက်ကို ကျယ်ပြန့်စေရန်အတွက် စိုက်ပျိုးသူများနှင့် ကုမ္ပဏီများအား ၎င်းတို့၏ စိုက်ပျိုးဧရိယာများ တိုးချဲ့ရုံသာမက အရည်အသွေးနှင့် ရိတ်သိမ်းပြီးနောက်ပိုင်း စီမံခန့်ခွဲမှုတွင် ပိုမိုကောင်းမွန်စေရေး ဦးစားပေးလုပ်ဆောင်ရန်နှင့် တန်ဖိုးမြင့်ဒူးရင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းလမ်းများကို ရှာဖွေရန် လုပ်ငန်းရှင်များအား တိုက်တွန်းထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.producereport.com/article/vietnamese-coconuts-frozen-durians-nearing-china-market-access

## အိန္ဒိယနိုင်ငံတွင် အစိုးရသစ်၏ ရက် ၁၀၀ အစီအစဉ်အတွက် အဓိက ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ သောကြာနေ့တွင် တွေ့ဆုံမည်

အိန္ဒိယနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲအပြီး တာဝန်ယူမည့် အစိုးရသစ်၏ ပထမရက် ၁၀၀ စီးပွားရေးဆိုင်ရာအစီအစဉ်ကိုဆွေးနွေးရန်အတွက် အစိုးရအဖွဲ့အတွင်းရေးမှူးသည် အရေးကြီးသောစီးပွားရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရန် သောကြာနေ့တွင် စီစဉ်ထားကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲသို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုလက်မှုဝန်ကြီးဌာန၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဝန်ကြီးဌာနများ အပါအဝင် တာဝန်ရှိသူများတက်ရောက်ကြမည်ဖြစ်ကြောင်း၊ တွေ့ဆုံပွဲတွင် ကုန်စည်နှင့်ဝန် ဆောင်မှုအခွန် (GST) ကောက်ခံမှုနှုန်းထားများ၊ လူမွဲခံယူမှုဆိုင်ရာဥပဒေ ပြင်ဆင်ရေးများနှင့် လက်ရှိစိန်ခေါ်မှုအခက်အခဲများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၉ ရက်က ထုတ်ပြန်ခဲ့သော ပထမကြိုတင်ခန့်မှန်းချက်အရ အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၃-၂၄ ခုနှစ်တွင် ၇.၆ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားကြောင်းနှင့် နိုင်ငံသည် ရေနံစိမ်းဈေးနှုန်းမတည်ငြိမ်မှုများ၊ ကမ္ဘာ့ဝယ်လိုအားကျဆင်းမှုနှင့် ပထဝီဝင်နိုင်ငံရေး ယိုယွင်းနေသည့်အန္တရာယ်များနှင့်ရင်ဆိုင်နေရကြောင်းနှင့် အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများမှ အသေးစိတ်ရှင်းလင်းတင်ပြကြမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေး ပထမအပိုင်းတွင် ပြီးခဲ့တဲ့ ငါးနှစ်အတွင်း ဝန်ကြီးဌာနများ၏ အားသာချက်၊ အားနည်းချက်များ၊ ဒုတိယပိုင်းတွင် အစိုးရသစ်၏ ပထမရက် (၁၀၀) အတွက် လက်ရှိစိန်ခေါ်မှုများ၊ မူဝါဒများနှင့် ဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးသွားမည်ဟု အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားထားသည်။ အဆိုပါ အစည်းအဝေးတွင် Covid-19 နှင့် ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများကြောင့် အစိုးရအနေဖြင့် ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိသော စီမံကိန်းများနှင့် ဆိုင်းငံ့ထားသော အရေးကြီးသည့်စီမံကိန်းများကိုလည်း ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးဌာနများသည် လာမည့် ရွေးကောက်ပွဲအပြီး ရက်ပေါင်း ၁၀၀ အတွက် အစီအစဉ်တစ်ခုအပြင် နိုင်ငံအား ၂၀၄၇ ခုနှစ်တွင် Viksit Bharat (ဖွံ့ဖြိုးပြီးနိုင်ငံ) အဖြစ်သို့ ပြောင်းလဲရန်အတွက်မျှော်မှန်းချက်စာတမ်းကို ရေးဆွဲနေကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကို ဧပြီလ ၁၉ ရက်နေ့တွင် စတင်မည်ဖြစ်ပြီး မဲရေတွက်ခြင်းကို ဇွန်လ ၄ ရက်နေ့တွင် ပြုလုပ်မည်

ဖြစ်သည်။ သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် လာမည့်အစိုးရသစ်၏ ပထမ ရက် ၁၀၀ အတွက် စီးပွားရေး မူဝါဒများအား ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Rising prices: Traders may be asked to declare stocks of yellow peas, tur and urad dal regularly, The Economic Times,

……………………………………………………………………………………………………

Agribusiness & Trade